# ကံကုန်းလေးကျေးရွာ

# မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံကုန်းလေးကျေးရွာ၊ မိုးညှင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကံကုန်းလေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား   ၉   ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀   ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား   ၁၁  ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား   ၁၂  ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား   ၁၃  ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား   ၁၄  ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား   ၁၅  အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား   ၁၆  ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား   ၁၇  သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား   ၁၈  သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား   ၁၉  မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား   ၂၀  မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား   ၂၁  မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား   ၂၂  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား   ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား   ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား   ၂၄  ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား   ၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား   ၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား   ၂၇  ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား   ၂၈  ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား   ၂၉  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား   ၃၀  မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား   ၃၁ ကျောင်းတက်နှုန်း
ဇယား   ၃၂  စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား   ၃၃  ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား   ၃၄ အဖြစ်များသော ရောဂါများ
ဇယား   ၃၅  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား   ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကံကုန်းလေးကျေးရွာ
မိုးညှင်းမြို့နယ်

ကံကုန်းလေးကျေးရွာ သယံဇာတပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

## ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည်ရွှေဘို မြစ်ကြီးနားကားလမ်းပေါ်တည်ရှိပြီးအုပ်ချုပ်ရေးရုံးစိုက်ရာ ၊ အင်းကုန်း ကျေးရွာနှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးဖြစ်ပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် ရွာ တိုးချဲ့ရန် အထူးအရေးပါသည့်မြေကွက်လပ်များရှိပြီးငင်းတို့အမြင်တွင် တောင်ကုန်းမြင့် များရှိကာ ဘုရားစေတီနှင့် ဘုန်းကြီးကျောင်းများရှိ၍ အလွန်ပင်သာယာလှပ်သည်။ ၎င်းတောင်ပေါ်ရှိ ဘုရားစေတီနှင့် ဘုန်းကြီးကျောင်းများကို ကျွန်ုပ်တို့ရွာအဝင် အင်းကုန်းအုပ်စု၌ ပါဝင်သောရွာ (၈)ရွာ မှ လူအများကိုးကွယ်ကြခြင်းဖြစ်သည်။ရွာ၏ အလယ်တွင် ရွာတွင်းဘုန်းကြီးကျောင်းတည် ရှိပြီး အရှေ့ဘက်တွင် လယ်ကွင်းများစွာတို့ဖြင့် သာယာနေပါသည်။စိုက်ပျိုးရေးကို မိုးရေအပြင် ရွာ၏မြောက်ဘက် နယ်နိမိတ်ဖြစ်သော အင်းကုန်းရွာနှင့် ပိုင်းခြားထားရာ တောင်ကျချောင်းမှ အဓိက ရရှိအသုံးပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်မြေ အသင့် အတင့် ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်တင့် ကောင်းမွန် သည်။သဘာဝသံယံဇာတမထွက်ရှိပါ။တောင်သူလူဦးရေ၏ အားလုံးနီးပါးခန့်မှာ နယ်နိမိတ်ဖြစ်သော တောင်ကျချောင်းမှ ရေကို အားထားရပြီး ကျန်အချို့မှာ မိုးရေကိုသာ အားထား အသုံးပြု ရသည်။ တောင်ကျချောင်း၏ရေလွှဲဆည်မှ လယ်ဧက(၃၈၀) ခန့်ကို သုံးစွဲကြသော်လည်း အပြည့်အဝ လုံလောက်မှုမရှိပေ။စိုက်ပျိုးဧက (၄၂၉)ဧကရှိပြီး စပါးပဲပုတ်နှင့် မြေပဲကို အဓိကစိုက် ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၈)စုနှင့်ကျား(၂၅၆)၊ မ(၃၀၇)ဦးဖြင့် လူဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီးကျေးရွာ တွင် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျေးရွာရှိစုစုပေါင်း(၆၄.၆) သန်းခန့် ရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ရပ်ဖြစ်သည်။

### (ခ)စီးပွားရေးအခြေအနေ

အဓိကဝင်ငွေလုပ်ငန်းသည် စိုက်ပျိုးမြစ်ဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေ အနေအထားသည် သာမန်သာဖြစ်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၅၉.၅ ရာခိုင်နှုန်း သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများဖြစ်ပြီး ၁၅.၄ ရာခိုင်နှုန်းသည် ချမ်းသာသည့်အဆင့်၊ ၂၄.၆ ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ရှိကြသည်။ ကျေးရွာ၏လယ်မြေပိုင်ဆိုင်မှုလက်လှမ်းမှီမှု စက်ကိရိယာများပိုင်ဆိုင်မှုနှင့် ရေသွင်းစိုက်ပျိုးနိုင်သောကြောင့် စီးပွားရေးမှာကောင်းနိုင်သော်လည်း စပါးရိတ်ခဈေးများလာခြင်း စပါးဈေးမကောင်းခြင်း စပါးရိတ်သိမ်းစက်များမှာ လည်းတောင်သူများအတွက်အဆင်မပြေဖြစ်ခြင်းတို့ကြောင့်သိသာစွာတိုးတက်မှုမရှိပေ။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများရှိသော်လည်းကျပန်းအလုပ်များလုပ်ကိုင်ကာ ရှာဖွေစားသောက်ရသည်။ကျေးရွာမှ ဆင်းရဲနှင့်အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော (၇၀)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၀.၄ ရာခိုင်နှုန်းမှာ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနိုင်ကြောင်း (၆ လမှ ၁၂ လအထိ) ၂၇.၈ရာခိုင်နှုန်းမှာ ၃ လနှင့် ၆ လအောက်စားသုံးနိုင်ကြောင်း သိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၂၀၀၀၀၀မှ ၆၀၀၀၀၀ ကျပ်အထိတင်ရှိနေကြသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသား အများစုသည် ကျန်းမာရေးကောင်းကြပြီး အဟာရပြည့်ဝမှုရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ ရွာတွင်းတွင် ဆေးပေးခန်းများ ဆေးဆိုင်များမရှိပေ။ ရွာနှင့် ဆေးပေးခန်းသည် (၁) မိုင်ခန့်ကွာဝေးပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ အင်းကုန်းကျေးရွာတွင်

သာရှိကြသည်။ဆေးရုံမှာလည်း အကွာအဝေးအားဖြင့် (၈)မိုင်ခန့်ကွာဝေးသော မိုးညှင်းဆေးရုံသို့ သွားရောက်ကုသရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အတင့်ရှိကြောင်းတွေ့ရသည်။ရွာသားအများစုသည် အခြေခံစာရေးအဖတ်များကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အတင့်တင့် များပြားသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် သင်ကြားနိုင်သည်။ သို့သော်အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့် အလမ်းများနည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား/မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ကျား/မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်းခွဲခြားသတ်မှတ်ထားခြင်းမရှိပါ။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခဝင်ငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရရှိကြသည်။အုပ်ချုပ်ရေးမှူးများတွင်လည်း အမျိုးသမီးများ၏ ပါဝင်မှု အားနည်းနေပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊စီးပွားရေးဆိုင်ရာ (၁)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ (၁)ဖွဲ့တို့ရှိသည်။ကျေးလက်မှဖွဲ့စည်းထားသော မြစိမ်းရောင်အဖွဲ့အစည်းကြလည်း ကျေးရွာအတွင်းတွင် ငွေတိုးအနည်းငယ်ဖြင့် ထုတ်ချေးရသောကြောင့် ဖွံ့ဖြိုးမှုမှာ အနည်းငယ်ပြောင်းလဲလာပြီဖြစ်သည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများအား ဖွံ့ဖြိုးမှုဆိုင်ရာ စီမံအုပ်ချုပ်မှု သင်တန်းများပို့ချပေးပါက ပို၍ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊စီးပွားရေးဆိုင်ရာ (၁)ဖွဲ့ ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ (၁)ဖွဲ့တို့ရှိသည်။ကျေးလက်မှဖွဲ့စည်းထားသော မြစိမ်းရောင်အဖွဲ့အစည်းကြလည်း ကျေးရွာအတွင်းတွင် ငွေတိုးအနည်းငယ်ဖြင့် ထုတ်ချေးရသောကြောင့် ဖွံ့ဖြိုးမှုမှာ အနည်းငယ်ပြောင်းလဲလာပြီဖြစ်သည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများအား ဖွံ့ဖြိုးမှုဆိုင်ရာ စီမံအုပ်ချုပ်မှု သင်တန်းများပို့ချပေးပါက ပို၍ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပဲပုတ်နှင့် မြေပဲတို့ကို အဓိကထားစိုက်ပျိုးကြသည်။စပါးစိုက်ပျိုး ဧက (၄၅၀) ဧကရှိပြီး ပဲပုတ်(၁၁၀) ဧကနှင့် မြေပဲ(၃၀) ဧကကို စိုက်ပျိုးကြသည်။ မိုးစပါး ပျှမ်းမျှအထွက်မှာ (၉၀) တင်း ပဲပုတ်(၂၀)တင်းနှင့် မြေပဲ (၇၅) တင်းတို့ထွက်ရှိကြသည်။တောင်သူအများစုသည် လုပ်ငန်းခွင်တွင် အလုပ်သမားမလုံလောက်မှုပြဿနာ ကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမို ပေးမှ ရရှိနိုင်ကြောင်း ကုန်ကျစရိတ်ပိုမိုမြင့် မားကြသည်။စပါးဖျက်ပိုး ပဲဖျက်ပိုးများ အတွက်လည်းတောင်သူများသည် အမှန်တကယ်ထိရောက်နိမ်နင်းနိုင်သည့် ဆေးဝါးများကို လိုအပ်နေပြီဖြစ်သည်။ကျေးရွာတွင် မွေးမြူရန် ရေမြေ၊ နေရာရှိသော်လည်း အရင်းအနှီးနှင့် အကျိုးအမြတ်မှာ ကွာဟမှုများသောကြောင့် အမြတ်နည်း၍ ဆက်လက်မမွေးမြူတော့ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးရောင်း အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်သည်။အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုနည်းပါးမှ အတင့်တင့် အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ဆံပင်အလှပြင် မုန့်လုပ်ငန်း မော်တော်ဆိုင်ကယ်ပြင် ၊ ကားမောင်း စသည့် သို့ အသက်မွေးဝမ်းကျောင်းများရှိသော်လည်းရွာသားအများစုသည် အဆိုပါသင်တန်းများ နှင့် အတွေ့အထိ နည်းပါးသည်။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အခကြေးငွေ အကုန်အကျခံကာ သင်ကြားပေးသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါး ၊ ပဲပုတ်နှင့် မြေပဲတို့တွင် ဖျက်ပိုးများကျရောက်တတ်သောကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံမွမ်းမံနိမ်နင်းရေးစနစ် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းကို အသိပညာပေးလုပ်ငန်းများပြုလုပ်မြင့်တင်ပေးသင့်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ငွေကြေးကို တစ်နှစ်အတိုးနှုန်း ၂၅ ပြား တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧကအတွက်

ဈေးယူနိုင် ကြသည်။မြစိမ်းရောင်အဖွဲ့တွင် ဈေးငွေကို (၆)လအထိ ဈေးယူနိုင်ပြီး စည်းကမ်း ပိုင်းတွင်တင်းကျပ် ထားသည်။အချို့အိမ်ထောင်စုများမှာ ရွာတွင်းမှ ငွေတိုးချေးစား သူများထံမှ တစ်ရာလျှင် တစ်ဆယ်တိုး ဖြင့် ချေးယူရသည်။ကျေးရွာသားအများစုသည် ဈေးငွေကို အကြောင်းအရင်းမျိုးစုံ ကျန်းမာရေး၊ ပညာရေး၊ တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ဈေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရသည်။အကြွေးတင်ရှိမှု စစ်တမ်း ကောက်ယူထားချက်အရ အကြွေးငွေ ၂၀၀၀၀၀ မှ ၂၀၀၀၀၀၀ ကျပ်အထိ ချေးယူထားကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်ဖိုးကို ၆၀၊၂၀၊၁၄ ပေ အရွယ်ရှိ၊ သွပ်မိုး ၊ အုပ်နံရံကာနှင့် အင်္ဂတေအခင်းတွင် သင်ကြားပေးသည်။ ရွာသားအားလုံးခန့်မှာ ရေးတတ်ဖတ်တတ်ပြီး အနည်းငယ်မှာ ဘုန်းကြီးကျောင်းပညာရေးကို တတ်မြောက်ထားကြသည်။မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားသည်။ကျောင်းသည် အခန်း ၃ ခန်းသာပါရှိသောကြောင့် မလုံလောက် ပေ။ KG များအတွက်လည်း သီးသန့်အခန်းမရှိသောကြောင့် ဖြစ်သလို သင်ကြားနေရသည်။ယနေ့အခြေအနေအရ ဆိုလျှင် ဆရာ/ဆရာမ နှင့်ကျောင်းသားအချိုးမှာမျှတနေပါသည်။ ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ သောက်ရေအတွက် ရေတွင်းများရှိသော်လည်းရွာ၏ မြောက်ဘက်အပိုင်းသည် ကုန်းမြင့်ပိုင်းတွင်တည်ရှိသောကြောင့် နွေအခါတွင်သောက်သုံးရေလုံ လောက်မှုမရှိပါ။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို (စာသင်ကျောင်း ဘုန်းကြီးကျောင်းအပါအဝင် ) အုတ်များ ဖြင့် ဆောက်လုပ်ပြီး ကျန်အိမ်ထောင်စုများမှာ ဝါးများဖြင့် ဆောက်လုပ်သုံးစွဲကြသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။လူငယ်များသည် ကျေးရွာရှိ လူမှုကူညီရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲများတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ လူငယ်အများစုသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်းမရှိသေးပါ။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၂ ခုနှစ်ရွှေဘို မြစ်ကြီးနားကားလမ်းမကြီး ကို လမ်းတံတားဝန်ကြီးဌာနကကတ္တရာလမ်းခင်းပေးခဲ့ကြသည်။ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး ထော်လာဂျီနှင့် ကားကြီးများဝင်ထွက်အသုံးပြုနိုင်သည်။လမ်းပန်းဆက်သွယ်ရေးအတွက် ထော်လာဂျီ(၁၅) စီး တုံဖုန်းကား(၅)စီး ဆိုင်ကယ် (၁၄၂) စီးနှင့် စက်ဘီး (၈၉) စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ ခုနှစ်မှ စ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု (၆၉) အိမ်သွယ်တန်းပြီးဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုအတွက် အသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် သတင်းအချက် အလက်နှင့် အင်တာနက်ကို အသင့်သင့် မျှသာ အသုံးပြုကြသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ရွာသူရွာသားများ အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်ပါသည်။အာမခံစနစ်ကို ချိတ်ဆက်အသုံးပြု နိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားရှိမှုမရှိသလောက်ပင်နည်းပါးသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်သကူဆက်သွယ်နိုင်သောကြောင့် ရာဇဝတ်မှုများနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကုလကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး၊ရှမ်းပြည်တောင်ပိုင်း၊ ရွာင်မြို့နယ် နှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးပေါ်ရှိဟံမြင့်မိုရ်ကျေးရွာကိုဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ်ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။

ကျေးရွာတွင်လျှပ်စစ်မီးကိုမဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာ သည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း ၊ ကျောင်းသားကျောင်းသူ များအတွက် စာဖတ်ရန် မီးအလင်းရောင်ရခြင်း စသော လူနေမှု အဆင့်မြင့်မားစေသည့် အထောက်အပံ့များရရှိသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေစုစုပေါင်း ၆၄.၆ ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သော အရွယ်များဖြစ်သည်။ဘွဲ့ရအရေအတွက်မှာနည်းပါးသော်လည်း ရပ်ရွာအတွက် အကျိုးပြုစေသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျှက်ရှိသည်။ကျေးရွာ၏ကျန်းမာရေးမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီးဆေးဝါးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမှီသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိအနေအထားတွင် ကောင်းသောအဆင့် အနေအထားတွင်မရှိသေးပါ။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေဆီဩဇာအတင့်တင့် ကောင်းမွန်ပြီး တောင်သူများအတွက် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။မိုးရွာ

သွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရန် အထောက်အကူဖြစ်သည်။အင်းကုန်းချောင်း မှ ဆည်တည်၍ စိုက်ပျိုးရန် ရေကို သွင်းယူနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးအတွက် ထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် ကြက်၊ နွား၊ ဝက်တို့ကို မွေးမြူရန် အခွင့် အလမ်းသာသည်။ သို့သော်မွေးမြူရေးဦးစီးဌာနမှလိုအပ်သော နည်းပညာပိုင်းဆိုင်ရာအထောက်အကူပေးရန်လိုအပ်နေပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်သင့် ကောင်းမွန်သည်မှ အပ အခြားများမထွက်ရှိသေးပါ။ လယ်မြေမှာထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သလောက်ရှားပါးသဖြင့်အထွက်နှုန်းမြင့်ရန်သာ စိုက်ပျိုးကြသည်။

မြောက်ဘက်အရပ်ရှိ အင်ကုန်းချောင်းမှ ရေတင်နိုင်သော်လည်း နွေရာသီပဲပုတ်နှင့် မြေပဲစိုက်ပျိုးရန်အတွက် ရေရရှိရန်အခက်အခဲရှိသည်။ပဲပုတ်စိုက်ခင်းများတွင် ကျရောက်သောပိုးမွှားများမှာ လက်ရှိပိုးသတ်ဆေးများဖြင့် မနိုင်နင်းနိုင်သဖြင့် သီးနှံထွက်နှုန်းကိုသိသိသာသာလျော့နည်းစေသည်။ ထို့ကြောင့် စိုက်ပျိုးရေးဌာနမှ နည်းပညာအကူအညီပေးရန်လိုအပ်သော်လည်း ထိရောက်စွာထောက်ပေးနိုင်ခြင်းမရှိပါ။

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လမ်းအသေးစားများမရှိသောကြောင့် ပုံမှန်ဝင်ငွေရရှိရန်မလွယ်ကူပါ။ဒေသအတွင်းအိမ်တွင်းကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာနှင့် ကုန်ကြမ်းများလိုအပ်နေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း အလုပ်အကိုင်များ ဖန်တီးခြင်း အသက်မွေးပညာများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားတို့ကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့ပြီး ကျေးရွာအခြေပြုအဖွဲ့များ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားကိုတိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည် မြေဆီသြဇာ ပြုပြင်ရေးနည်းပညာများသင်ယူ၍ ကျွန်ုပ်တို့၏ လယ်ယာ မြေများကို ပြုပြင်နိုင်ပြီး သီးနှံအထွက်နှုန်းကို တိုးတက်လာစေသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ ၊ နည်းပညာနှင့် အသုံးချနိုင်စွမ်းရရှိနိုင်ရေးတို့ကိုဆောင်ရွက်ပြီး စိုက် ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကိုတိုးချဲ့ဆောင်ရွက်သွားမည် ။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရန် အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ရင်းနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတတက်ထားသူများက တဖန်ကျေးရွာတွင် နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကိုပိုင်လုပ်ငန်းများတွင် အတိုးချကာ ထုတ်လုပ်မှုကို တိုးတက်စေမည်။

ခ.၂) ကျေးရွာတွင်စာသင်ကျောင်း (၂) ခန်း ဆောက်လုပ်ခြင်းဖြင့် ကလေးများ၏ ပညာသင်ကြားမှုကိုတိုးတက်စေမည်။ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး ကျွမ်းကျင်သော ဆရာမများပြီးပြည့်စုံစွာရရှိရေးကို ဆောင်ရွက်သွားမည်။

ခ.၃) ကျေးရွာ၏လမ်းနှင့် တံတားများ ဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူထု၏ အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များကို ပိုမိုရရှိအောင်တိုက်တွန်းသွားမည်။

ခ.၄) လယ်ယာမြေများကို လည်း မြေဆီလွှာပြုပြင်ရေးနည်းပညာများ သင်ယူပြီး မိမိတို့ကိုယ်တိုင် ကျေးရွာအဖွဲ့အစည်းပိုင်းမြေဆီလွှာပြုပြင်ရေးနှင့် တိုင်းထွာရေးကိရိယာများ တည်ထောင်ပြီး ပြုပြင်ခြင်းဖြင့် မိမိတို့၏ သီးနှံထွက်နှုန်းကိုမြင့်တင်သွားမည်။ထိုသို့ပြုလုပ်ခြင်းအားဖြင့် ရွာသူရွာသားများ ၏ လူနေမှုဘဝအဆင့် အတန်းကို မြင့်မားစေမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင်စပါးအပြင် ပဲပုတ်၊ မြေပဲ၊ ဖရဲနှင့် သခွားသည် သီးထပ် သီးညှပ်စိုက်ပျိုးကြသည်။ မြေဆီဩဇာမကောင်းမွန်သောကြောင့် မြေဆီလွှာပြုပြင်ရေးနှင့် နည်းပညာမှာအရေးပါသောအခန်းကဏ္ဍာတွင်ပါဝင်သည်။မြေဩဇာကောင်းမွန်ပါက သီနှံများဖြစ်ထွန်းအောင်မြင်မည်ဖြစ်၍ ဓါတ်မြေဩဇာနှင့် နွားချေးတို့ကိုသာ အားထားနေရသည်။ဓါတ်မြေဩဇာများမှာလည်း ဈေးကြီး ပြီး အရည်အသွေးညံ့ဖြင်းသောကြောင့် သိပ်အဆင်မပြေပါ။

### (ဂ) ကျေးရွာတွင်းအသေးစားအလတ်စားဆိုင်ရာစက်မှုအထောက်အပံ့

ကျေးရွာတွင် အသေးစား စက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ် အမျိုးသမီး များအတွက် အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့နေ့သည် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ ဈေးကွက် သတင်း အချက်အလက်များ လက်လှမ်းမှီမှုအားနည်းပါသည်။ကျေးရွာတစ်ရွာလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး ရေးဆွဲခြင်းတွင်

ထည့်သွင်းရေးဆွဲရန်ခက်ခဲလှပါသည်။ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများ ယခုအခါအသင့်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုအဖွဲ့တစ်ခုတည်ထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်၊ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တချို့နှင့် တိုးချဲ့ပညာပေးရန် လိုအပ်ပါသည်။မြို့နယ်ဒေသမှကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထာက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်လုံလောက်သော ရန်ပုံငွေပမာဏလည်းရှိရမည်။ လယ်ယာလုပ်ငန်းများတွင် တိုးချဲ့ရာတွင် မြောင်းတူးဂုန်စက်ကိရိယာများကိုလည်း နိုင်ငံတော်အဆင့် မှ သည် ဆည်မြောင်းဝန်ကြီးဌာနသို့ညွှန်ကြား၍ ကျွန်တော်တို့ရွာအထိ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်လည်း အထူးလိုအပ်သည်။

## (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

ကံကုန်းလေးကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

## (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ကံကုန်းလေးကျေးရွာတွင်ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝ တိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့်အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ် လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပန်း အဖြစ်လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် နည်းဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များ သည် ငါးနှစ်တာစီမံချက်ကာလများအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေး မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာ ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလကို ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ် ၊ သုံးနှစ် တာကာလအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာ ကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်သာစီမံချက်သည် ပြင်းထန် သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်တွင် နှစ်ပတ်လည် ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းစီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖျာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်း များအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်နိုင်စေသည်၊ရင်းနှီးမြုပ်နှံမှု အမျိုးအစားများ ကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း သည် စီမံချက်ကို အကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်း မှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး လူသားခြင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူဖြစ်သည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေးကဏ္ဍ*** | | | | | |
| | ၁။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြင့်တင်ပေးရေး အုပ်ချုပ်မှုရုံးဆောက်လုပ်ပေးရေး ။ | ၅၁ | ၇ | -ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-ကျေးရွာနှင့် သက်ဆိုင်ရာအဖွဲ့အစည်းတို့ပူးပေါင်း၍ သင်တန်းများပို့ချခြင်း | |
| ***မွေးမြူရေးလုပ်ငန်းနှင့် နည်းပညာသင်တန်း*** | | | | | |
| မွေးမြူရေး | ၂။ မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး | ၆၀ | ၆ | – စနစ်တကျမွေးမြူနိုင်သော နည်းပညာများသင်တန်းပို့ချပေးခြင်း | |
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | | |
| | ၃။ ပို့ဆောင်ရေးအခြေခံအဆောက်အဦးများတိုးတက်စေရေး | ၈၀ | ၂ | - ကျေးရွာတွင်လမ်းများအားကွန်ကရစ်ခင်းခြင်း | – |
| **ကျန်းမာရေး** | | | | | |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေးတိုး တက်ရေး | ၄။ ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုး တက်လာစေရေး | ၆၃ | ၅ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် ဌာနဆိုင်ရာနှင့် ချိတ်ဆက်ခြင်း<br>-ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း၊ | |
| *ပတ်ဝန်းကျင်သန့်ရှင်းရေး* | | | | | |
| | ၅။ ကျေးရွာ၏သောက်သုံးရေကဏ္ဍ အဆင်ပြေစေရေး | ၆၉ | ၃ | - လေးလက်မ စက်ရေတွင်းတူးဖော်ပေးခြင်း<br>-ရွာနှင့်ဆိုင်ရာအဖွဲ့အစည်းတို့ပူးပေါင်းခြင်း<br>-<br>ပုဂ္ဂလိကအလှူရှင်ကျေးလက်ဒေသအဖွဲ့အစည်းများနှင့်ချိ တ်ဆက်ဆောင်ရွက်ခြင်း | |
| **အခြေခံအဆောက်အဦးနှင့် နည်းပညာသင်တန်း**<br><br>**စိုက်ပျိုးရေး** | ၆။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှု များတိုးတက်ရေး | ၆၇ | ၄ | -စိုက်ပျိုးရေးသွင်းအားစုများ ဆက်သွယ်မှုရရှိရန်<br>-မြေဆီလွှာပြုပြင်ရေးနည်းပညာနှင့် တိုင်းထွာရေးစက်ကိရိယာ များရရှိရေး<br>-ဈေးကွက်သို့တင်ပို့ရောင်းချရေး<br>-မျိုးကောင်းမျိုးသန့်နှင့် နည်းပညာသင်တန်း<br>-ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-လယ်ကွက်များပေါင်းရန်နှင့် ချဲ့ထွင်ရန်စက်ကိရိယာများ ငှားရမ်းနိုင်ရန် ဆောင်ရွက်ခြင်း | – |

| | | | | |
|---|---|---|---|---|
| | | | | -ဆည်မြောင်းများဖြစ်ပေါ်လာစေရန် ငွေကြေးနှင့် ယန္တရားများချပေးထားခြင်း |
| *ပညာရေး* | | | | |
| | ၇။ စာသင်ကျောင်းနှင့် ကလေးငယ်များသောက်သုံး ရေရရှိရေး | ၈၅ | ၁ | -စာသင်ကျောင်းခန်းနှင့် ဆရာ/ဆရာမ ရုံးခန်းဆောက်လုပ်ရေး<br>-ကျောင်းသား/သူများ သောက်သုံးရေအတွက် ကျောင်းရေစင်တည်ဆောက်ရေး<br>-ကျောင်းသား/သူများ ပညာသင်စရိတ်လုံလောက်စွာရရှိရေး။ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ပညာရေး (စာသင်ခန်းတိုးချဲ့ရန်) | ၁ | —— | —— | | | |
| ၂။ လမ်းပန်းဆက်သွယ်ရေး(ရွာတွင်းလမ်း)၊ | ၂ | | —— | —— | —— | |
| ၃။ ရေပတ်ဝန်းကျင်သန့်ရှင်းရေး | ၃ | | | —— | | |
| ၄။ စိုက်ပျိုးရေး(ဈေးကောင်းရရန်နှင့်ဆည်မြောင်း)၊ | ၄ | | —— | —— | | |
| ၅။ ကျန်းမာရေး(ဆေးပေးခန်းရရန်ရှိ) | ၅ | | | —— | —— | |
| ၆။ မွေးမြူရေး(နည်းပညာ) | ၆ | | —— | —— | —— | |
| ၇။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၇ | | —— | —— | —— | —— |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေးတိုး တက် ကောင်း မွန် အောင် ဆောင် ရွက်ခြင်း | | | √ | | |
| ၂ | ကလေးပျော်၍ ဘက်စုံ တော်စေ သည့်ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | | | √ | | |
| ၃ | စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုး တက်ရရှိရေး။ | | | √ | | |
| ၄ | ထိရောက်သည့် ကျန်းမာရေး ဝန် ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း | | | √ | | |
| ၅ | သက်မွေးဝမ်းကျောင်းနည်းပညာသင် တန်း များ ပို့ချပေးခြင်း၊ | | | | √ | |
| ၆ | ကျေးရွာအဖွဲ့အစည်းများ စွမ်းရည် | | | | √ | |

| | | | | | | |
|---|---|---|---|---|---|---|
| | မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း | | | | | |
| ၇ | မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များ ရရှိရန်ဆောင်ရွက်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး

အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက် အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာ မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ—ပေါ်မူတည်၍တိုး တက်မှု ကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ ၁

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ | ၆ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၃ | ၁၅ | ၂၈ | ၅ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၈ | ၅၄ | ၉ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၆ | ၄၃ | ၇၇ | ၁၄ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၆ | ၁၉၈ | ၃၆၄ | ၆၅ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၂၁ | ၃၄ | ၆ |
| **စုစုပေါင်း လူဦးရေ** | | **၂၅၆** | **၃၀၇** | **၅၆၃** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၈၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၉** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ရွာရှိစုစုပေါင်းလူဦးရေ၏ ရာခိုင်နှုန်းမှာ ၆၄.၆၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားများ၏ လူဦးရေရာခိုင်နှုန်းမှာ၅၄.၅ ရာခိုင်နှုန်းဖြစ်ကြောင်း အမျိုးသားများထက် အမျိုးသမီးများ၏ လူဦးရေရာခိုင်နှုန်းမှာ ၉ ရာခိုင်နှုန်းသာလွန်နေပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၀ | | ၂၉ | - | လယ်ယာလုပ်ငန်း ၆၃ စုနှင့် ဥယျာဉ် ၁ စု။ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇၈ | | ၁ | - | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | ၁၁၀ | တနိုင်တပိုင်ဝက်၊ ကြက်၊ ဆိတ်၊ နွားမြင်းမွေးမြူရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | ၂၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | ၃ | ဆန်စက်နှင့် ယိုစုံလုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | ၁ | လက်သမား |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | | အပ်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | ၇ | ဈေးရောင်း ၆၊ ပွဲစား ၂ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | ၁ | ကော်ဖီဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | - | ၁ | ကူလီလုပ်ငန်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၃ | ကျောင်းဆရာ/မ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၉ | | | - | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| | **စုစုပေါင်း** | **၁၈၉** | **-** | **၃၀** | **၄၁** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** အဓိက စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း မြစ်ကြီးနားဆန်စက်လုပ်ကိုင်သူများရှိသည်။အခြားစီးပွားရေးအနေဖြင့် ကျောင်းဆရာမ တိုင်းရင်းသားဆရာနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်ကြသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃)  လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | | ၃၀၀၀ | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။**   ။ လယ်ယာလုပ်ငန်းနှင့် ဆန်စက်အလုပ်သမားအတွက် လုပ်အားခနှင့် နှုန်းထားများကို ဖော်ပြထားပါသည်.

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄၂၉ | သင့် | အနည်းအကျဉ်း | ၃၈၀ |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | ၁၃.၅ | ညံ့ | မရ | |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၉ | သင့် | အနည်းအကျဉ်း | ရေတွင်း |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | - | | | |
| ကိုင်း/ကျွန်းမြေ | ၂၀ | ကောင်း | မရ | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | ၁၇.၅ | သင့် | အနည်းအကျဉ် | ဆည်မြောင်း |
| **စုစုပေါင်း** | **၄၉၄** | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ စပါးနှင့် မြေပဲကို အဓိကထားစိုက်ပျိုးလျှက်ရှိသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်သဘာဝအရင်းအမြစ်အနေဖြင့်မရှိပါ။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ကေနှင့် အထက် | ၅ ကေနှင့် ၁၀ကေကြား | ၅ကေအောက် | - |
| အိမ်အခြေအနေ | တိုက်ခံ၊သွပ်မိုး တစ်ထပ်၊ နှစ်ထပ်တိုက် | တိုက်ခံ၊ထရံ၊သစ် ကာ၊သွပ်မိုး (တစ်ထပ်၊နှစ်ထပ်) | ထရံကာ၊သွပ်မိုး၊ ဝါးကပ်မိုး | ထရံကာ၊သွပ်မိုး၊ ဝါးကပ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန် စက်၊ ခြေလှေ့ စက်၊ ထော်လာ ဂျီ၊ရေစုပ်စက်၊ ခိုင်းနွား | ထွန်စက်၊လက် တွန်းထွန်စက်၊ခိုင်း နွား၊ရေစုပ်စက်၊ ထော်လာဂျီ | လှည်း၊နွား | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ တီဗွီ၊ | ဆိုင်ကယ်၊ရေခဲသေ တ္တာ၊ တီဗွီ၊ သုံးဘီးဆိုင်ကယ်၊ဝ က် | ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် ၊ဝက်၊ကြက်၊။ | စက်ဘီး၊ ဝက်၊ ကြက်။ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး၊ ပွဲစား၊ဆန်စက်၊ | တောင်သူ၊ဈေးဆိုင်၊ စက်ချုပ်၊ဝန်ထမ်း | အိမ်ဈေးဆိုင်၊ကျ ဘမ်း၊ဝန်ထမ်း | ခေါင်းရွက်ဗျက်ထိုး၊ ကျဘမ်း |
| အိမ်ထောင်စု - **၁၈၉** | **၃၆ ( ၁၉ %)** | ၈၁(၄၃ %) | **၅၇** (၃၀ %) | **၁၅** (၈ %) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု ကျေးရွာ၏ လယ်မြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု စက်ကိရိယာပိုင်ဆိုင်မှုနှင့် ရေသွင်းစိုက်ပျိုး နိုင်မှုကြောင့် စီးပွားရေးကောင်းနိုင်သော်လည်း စပါးရိပ်ခများလာခြင်း စပါးဈေးမကောင်းခြင်းတို့ကြောင့် သာတိုးတက်မှုမရှိပေ။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၅ လ အထိ | ၅ | ၂၇.၈ | မိတ်ဆွေ/ဘဏ်ချေးယူခြင်း |
| ၆လ မှ ၁၂ လ အထိ | ၁၇ | ၃၀.၄ | ချေးငှားခြင်း |

ရင်းမြစ် .. ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။အကြွေးတင်ရှိမှုသည် ၂ သိန်းမှ ၆သိန်းကျပ်တိတိရှိပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမရှိသော်လည်း ဆင်းရဲ၍ အမျိုးသမီးဦးဆောင်အိမ်ထောင်စုမှာ ၈ အိမ်ထောင်စုနှင့် မုဆိုးဖို တစ်ခုလပ်အိမ်ထောင်စုမှာ ၃ အိမ်ထောင်စုသာရှိသည်။အခြားဒေသတို့ကြာမြင့်စွာသွားရောက်နေထိုင်သည်ကိုလည်း ဆင်းရဲသည့် အိမ်ထောင်စုမှာ ၂ စုရှိသည်ကိုတွေ့ရပါသည်။

### (၁.၅.၃)   ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှပ် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | ရွှေ့ပြောင်းတောင်ယာများကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | ဆေးဝါးလက်လှမ်းမမှီ ငွေကြေးလက်လှမ်းမမှီ |
| ၁၃ | တီဘီရောဂါ | နိမ့် | ဆေးဝါးကုသ မှုရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | တစ်နှစ် တစ်ခါ(ဝက်၊ နွား)သေဆုံးမှုကြုံ တွေ့ရ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | မရှိ |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**       ။ ကျေးရွာ၏ထိခိုက် သက်ရောက်လွယ်မှု အခြေအနေတွင် သဘာဝအရင်း မြစ်ရှားပါးမှု မြေပြိုခြင်း မြေဆီလွှာပျက်စီးမှုနှင့် ဝေးလံခေါင်တည်း လမ်းပမ်းဆက်သွယ်ရေး အခက်အခဲ စသည်တို့တွင် ထိခိုက်လွယ်မှုမရှိသည်ကိုတွေ့ရသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အမျိုးသမီးများဖြစ်သောကြောင့် ဝမ်းစာအတွက်စိုးရိမ်နေရ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | လူမှုအဆင့်အတန်းတိုးတက်မှုနိမ့် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်မရှိသည့် အချိန်တွင် ဝမ်းစာအတွက်စိုးရိမ်ရ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | လတ် | အဆင်ပြေမှုမရှိ |
| ၁၅ | ဆေးစွဲသူများ | မြင့် | လူငယ်များများစွာပျက်စီး |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | ဝမ်းစာအတွက်ဖူလုံမှုရှိ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | တစ်ဦးတလေရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | လတ် | ဝမ်းစာအတွက်ဖူလုံမှုရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိ |
| ၂၀ | ကားသမား | လတ် | တစ်နှစ်ပတ်လုံးအတွက် ပျမ်းမျှအဆင်ပြေမှု |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်တက်ရောက်လွယ်မှု ခံရနိုင်သည့်သူများ လူအုပ်စုတွင်လည်း လူငယ်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု လက်လုပ်လက်စား ကျပန်းများ ရွှေ တွင်းကျောက်တွင်း လုပ်သားများ မူးရစ်ဆေဝါးသုံးစွဲသူများ လှည့်လည်သွားလာ၍ ဈေးရောင်းသူများရွှေ့ပြောင်းလုပ် သားများနှင့် ကားသမားများသည် ထိခိုက်လွယ်မှုမြင့်မားသည်။လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိကအလုပ်အကိုင်ရှာဖွေရသူများဖြစ်သဖြင့် လုပ်ငန်းခွင်တွင် ထိခိုက်လွယ်မှုအနည်းငယ်ရှိသည်ကို ကိုလည်းတွေ့ရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ရပ်မိရပ်ဖ | ၂ | ၈ | ၅ | ၁၃ | အကြံပေး | ၄ | ၇ |
| ၂ | လယ်သမား | ၁ | ၉ | ၄ | ၁၃ | | ၄ | ၇ |
| ၃ | အမျိုးသမီးရေးရာ | ၂ | | ၉ | ၉ | | ၄ | ၇ |
| ၄ | ကျောင်းကော်မတီ | ၂ | ၇ | | | | ၄ | ၆ |
| ၅ | လူငယ်နှင့်အဖွဲ့ | ၂ | ၃၅ | ၄၅ | ၈၀ | | ၄ | ၇ |
| ၆ | ယဉ်ကျေးလိမ္မာအဖွဲ့ | ၃ | ၃ | ၄ | ၇ | | ၄ | ၇ |
| ၇ | မြစိမ်းရောင် | ၂ | ၄ | ၃ | ၇ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ လူမှုရေးဆိုင်ရာ (၄)ဖွဲ့ စီးပွားရေးဆိုင်ရာ ၁ ဖွဲ့နှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ၁ဖွဲ့ရှိပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ မရှိသည်ကို တွေ့ရပါသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၄ | ၂၉ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၆ | ၁၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၅၇ | ၃၀ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၄၀ | ၂၁ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၁၂ | ၆ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၈၉** | **၁၀၀%** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အများစုမှာ တောင်သူငယ်နှင့် မြေယာမဲ့များဖြစ်ကြသည်။

### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | ၃၈၀ | ရာသီအလိုက် | မရှိ |
| ၈ | အခြား | ပုဂ္ဂလိ- | ၇၀ | ရာသီအလိုက် | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာနှင့် ပါတ်သက်၍ ချောင်းရေကိုသာမှီခိုနေရပြီး ရေလုံလောက်မှုမရှိပါ။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ကေ | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လ တ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | မှ | ထိ | | | |
| မိုး စပါး | ၄၅၀ | တင်း | ၈၀ | ၁၀၀ | ၉၀ | ဇွန် | အောက်တိုဘာ | လတ် | မြင့် | |
| ပဲပုတ် | ၁၁၀ | တင်း | ၁၅ | ၂၅ | ၂၀ | ဇန်နဝါရီ | ဧပြီ | နိမ့် | နိမ့် | |
| မြေပဲ | ၃၀ | တင်း | ၅၀ | ၁၀၀ | ၅ | ဇန်နဝါရီ | မေ | နိမ့် | နိမ့် | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စပါးထွက်နှုန်းကောင်းသော်လည်း လုပ်အားခပိုမိုပေးနေရသောကြောင့် ကုန်ကျစရိတ်ပိုမိုမြင့်မားသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | - | - | - | - | | |
| လက်တွန်းထွန်စက် | ၄၀ | - | - | - | - | ၄၅ | အဆင်ပြေ |
| အစေ့ချ ကိရိယာ | - | | | | | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | | | | | - | |
| ရိတ်သိမ်းစက် | - | | | | | - | |
| ခြွေလှေ့စက် | ၄ | - | - | - | - | ၈၁ | အဆင်ပြေ |
| ရေစုပ်စက် | ၂၂ | - | - | - | - | - | အဆင်ပြေ |
| ခြေနင်းရေတင်စက် | - | | | | | | |
| မြက်ရိတ်စက် | ၂၈ | | | | | ၃၀ | အဆင်ပြေ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တစ်ဦးချင်းပိုင်စက်ပစ္စည်းများနှင့် စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော အိမ်ထောင်စု ၈၀ ခန့်ရှိနေပါသည်၊

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | မြေဆီလွှာဝယ်ယူရန် ငွေကြေးခက်ခဲမှုရှိခြင်း |
| ရေရင်းမြစ် | ရွာဘေးရှိချောင်းမှ ရေလွှဲဆည်များဆောက်လုပ်ပေးရန်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | သဘာဝမြေသြဇာသုံးစွဲမှုရှိခြင်း |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | သုံးစွဲမှုမရှိပါ။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်၊ သမ၊ မြစိမ်းရောင်ရန်ပုံငွေအဖွဲ့ အစည်းမှချေးယူ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | မြေဆီလွှာဆက်လက်မပျက်စီးရန် ထိမ်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နည်းပညာများသင်တန်းပေးရန်လိုအပ်။ |
| သွင်းအားစုဈေးကွက် | လက်လှမ်းမှီမှုမရှိပါ၊ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ဆန်စပါး၊ ပညာ၊ မြေပဲ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးတိုးတက် မှု အခွင့် အလမ်းများမှာ ကျေးရွာရှိစိုက်ပျိုးမြေမှာ မြေဆီသြဇာ အသင့်သင့်ကောင်းမွန်ပြီး နွားချေး လုံလောက်မှု အနည်းငယ်ရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချရန်ဈေးကွက်မရှိပေ။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စိုက်ပျိုးမြေတိုးချဲ့ရန်မြေလွတ်မြေရိုင်းမရှိခြင်း |
| မြေဆီသြဇာ အခြေအနေ | မြေဆီသြဇာမကောင်းသဖြင့် သီးနှံများအထွက်နည်းပါး |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | စိုက်ဘဏ် သမ ဝါယမနှင့် မြစိမ်းရောင်မှချေးယူ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရေးမျိုးများရရှိရန်အခက်အခဲများစွာရှိနေပါသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | လုပ်သားကျွမ်းကျင်သူများနည်းပါး |
| ရေရင်းမြစ်များ ရရှိနိုင်မှု | အင်းကုန်းကျောင်းမှ ရေလွှဲဆည်တည်ဆောက်၍ ရေများ ၁၂ ရာသီသုံးစွဲနိုင် |
| စိုက်ပျိုးရေမလုံလောက်မှု | စိုက်ပျိုးရေမရရှိသောကြောင့် သီနှံများအချိန်မှီမစိုက်ပျိုးနိုင် |
| ဖျက်ပိုးနှင့် ရောဂါ | ဖျက်ပိုးနှင့် ရောဂါအနည်းငယ်ကြုံတွေ့ရ |
| ဈေးကွက် လက်လှမ်းမီမှု | အခက်အခဲရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများအလွန်အားနည်းမှုရှိပါသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးမလုံလောက်သော လယ်မြေအနည်းငယ်ရှိသည်။

အလုပ်လုပ်နိုင်သူများရှိသော်လည်း ဝင်ငွေလွယ်ကူစွာရရှိသော လုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြသော စိုက်ပျိုး ရေးတွင် လုပ်သားရှားပါးမှုအနည်းသာရှိသည်။စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် လက်လှမ်းမှီမှု အခက်အခဲရှိသောကြောင့် ဈေးကောင်းမရ ဈေးနှုန်းတည်ငြိမ်မှုမရှိပါ။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

## (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၆၈ | ၁၆၃ | လုံလောက်မှုနည်းပါး |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | ၁ | ၂ | မလိုအပ် |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၅၆ | ၁၂၉ | အဆင်မပြေ |
| ကြက် | ၃၄ | ၅၀၂ | စီးပွားဖြစ်မွေးမြူရန်အဆင်မပြေ |
| ဘဲ | | | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ခိုင်းနွားနှင့် တနိုင်တပိုင်မွေးမြူရေးသာရှိသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေသီးသန့်မရှိပါ။ |
| ရေရရှိမှု | ရေရရှိမှုအတင့်တင့် လုံလောက် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးတိရစ္ဆာန်များ ရရှိနိုင်သည်။ |
| ချေးငွေ | ချေးငွေများရရှိမှုရှိ |
| သွင်းအားစုဈေးကွက် | မရှိ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကြက်၊ဝက် များရောင်းဝယ်မှုရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မြေနေရာလုံလောက်မှုအနည်းငယ်သာရှိ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးအတွက် ရေလုံလောက်မှုရှိသည်။မွေးမြူရန် အိမ်ခြံဝင်း လုံလောက်မှုအနည်းငယ်သာရှိသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ချေးငွေရရှိနိုင်မှုရှိ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါး. |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
